# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၃၁)၊ ၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက် ၊ ၃-၁၁-၂၀၂၅၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

## တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၂

၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊

စာမျက်နှာ ၃ သို့ ☆



၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၂

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဒေသလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၀-၀-၀-၀-၀

၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာ ၃ ရက် ၊ တနင်္လာနေ့ ။

မန္တလေးနေ့စဉ်

## အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစား အောင်မြင်မှုများရရှိရေး ဆောင်ရွက်လျက်ရှိ

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များအနေဖြင့် အဆင့်မီစွာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ထိုက်သင့်သည့်အောင်မြင်မှုများရရှိစေရန်အတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် စခန်းဝင်အားကစားအဖွဲ့များ၏ စခန်းသွင်းစားစရိတ်ကို တစ်ဦးလျှင် တစ်ရက်ငွေကျပ် ၅၀၀၀ နှုန်းမှ ၂၀၂၅ ခုနှစ် ဇူလိုင်လမှစတင်ကာ ငွေကျပ် ၁၂၀၀၀ နှုန်းထိ တိုးမြှင့်ထောက်ပံ့ပေးခဲ့သည့်အတွက် အားကစားသမားများကို ကယ်လိုရီစံနှုန်းများနှင့်ကိုက်ညီပြီး အာဟာရဖြစ်စေမည့် အစားအသောက်များကို တစ်ရက်လျှင် ခြောက်ကြိမ်နှုန်းဖြင့် ကျွေးမွေးနိုင်ခဲ့သည့်အပြင် အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီ၏လုပ်ငန်း တာဝန် ၇ ရပ်အနက် အဓိကဦးတည်ချက်ဖြစ်သည့် စခန်းဝင်အားကစားသမားများ၏ မိခင်ဖြစ်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကူညီထောက်ပံ့စေခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီထောက်ပံ့ပေးစေလိုကြောင်း မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က နိုဝင်ဘာ ၁ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရေးနှင့် ပြိုင်ပွဲတွင် အောင်မြင်မှုများရရှိလာပါက ထိုက်တန်စွာ ဂုဏ်ပြုဆုချီးမြှင့်နိုင်ရေးနှင့်စပ်လျဉ်း၍ ပထမအကြိမ် မြန်မာ့ အားကစားအောင်နိုင်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်အဆင့် ဂုဏ်ပြုပွဲအခမ်းအနားတွင် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်ခြင်းများအပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်နှင့် ဝန်ကြီးဌာနများမှ ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်မှုများ ပြုလုပ်ပေးလျက်ရှိသည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဂုဏ်ပြုပွဲများအပြင် အလုပ်အကိုင်များဖန်တီး၍ ဂုဏ်ပြုပေးစေလိုကြောင်း၊ လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် ကော်မတီဝင်များနှင့် ပထမအကြိမ် စတင်ဆွေးနွေးရခြင်းဖြစ်ပါကြောင်း၊ အစည်းအဝေးတက်ရောက်လာကြသူများအနေဖြင့် မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီသက်ဝင်လှုပ်ရှားနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ့အားကစားအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် အစည်းအဝေးတက်ရောက်လာကြသူများက မြန်မာအားကစားအဖွဲ့အောင်နိုင်ရေး၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် အောင်မြင်မှုများရရှိလာပါက ဂုဏ်ပြုထောက်ပံ့ပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် သက်ဆိုင်ရာကဏ္ဍများအလိုက် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ မကြာမီကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ အောင်မြင်မှုရရှိစေရေးအတွက် ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများနှင့် ပြိုင်ပွဲဝင်အင်အားစာရင်းများအား စိစစ်ခြင်းများဆောင် ရွက်လျက်ရှိပြီး အားကစားဖြင့် အမိမြန်မာနိုင်ငံတော်၏ ဂုဏ်ကိုမြှင့်တင်နိုင်အောင် အင်ပြည့်အားပြည့်အောင်မြင်မှုများရရှိအောင် ပါဝင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်မေခိုင်ဝင်းကို အစမ်းခန့်ကာလ ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေး

**ကျောက်ဆည် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ယနေ့နံနက်ပိုင်း၌ ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အခြေခံစားသောက်ကုန်များဖြစ်သည့် အသား၊ ငါးနှင့် စားအုန်းဆီများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရောင်းချရာ၌ ဝက်သားတစ်ပိဿာငွေ ၂၆၀၀၀ ကျပ်ဖြင့် ၃၅ ပိဿာ၊ အမဲသားတစ်ပိဿာ ငွေ ၂၅၀၀၀ ကျပ်ဖြင့် ၂၅ ပိဿာ၊ ဆိတ်သားတစ်ပိဿာငွေ ၂၈၀၀၀ ကျပ်ဖြင့် ၁၅ ပိဿာ၊ စားအုန်းဆီ တစ်ပိဿာငွေ ၇၇၂၀ ကျပ်ဖြင့် ပိဿာ ၁၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

(၄၈၅)

## မဟာကထိန်အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ



**မန္တလေး နိုဝင်ဘာ ၂**

စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ငွေစုငွေချေးသမဝါယမ အသင်းလီမိတက်၊ အမှတ်(၁၆)မော်တော်ယာဉ်အသင်း မိသားစုများ၏ (၂၄)ကြိမ်မြောက် မဟာကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင်ခြေ၊ မြတ်ရတနာကျောင်းတိုက်တွင် ကျင်းပသည်။

ရှေးဦးစွာနဂါးပရိယတ္တိစာသင်တိုက်မှ ဘဒ္ဒန္တဝါသေဋ္ဌသာရအမှူးပြုသောဆရာတော်၊ သံဃာတော်များ၊ အောင်မြေသာစံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၊ အမှတ်(၁၆)မော်တော်ယာဉ်အသင်းမိသားစုများ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီးအခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ **(အပေါ်ဓါတ်ပုံ)**

ထို့နောက် ဆရာတော်သံဃာတော်များအားအလှူရှင်မိသားစုများက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူတော်ငွေများ ပေးအပ်လှူဒါန်း၍ ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အောင်မြေသာစံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၊ အမှတ်(၁၆)မော်တော်ယာဉ်အသင်းမိသားစုများ၏ (၂၄)ကြိမ်မြောက် မဟာကထိန်အလှူတော်မင်္ဂလာအခမ်းအနားတွင် နဝကမ္မဝတ္ထုအလှူငွေကျပ် ၆၃ သိန်းနှင့် လှူဖွယ်ပစ္စည်း ၁၇ သိန်းကျော်ခန့် လှူဒါန်းကုသိုလ်ပြုနိုင်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

## မန္တလေးမြို့ စာကြည့်တိုက်များသို့ "ရသစုံမြူးညွှန့်ဖူးဝေဆာ" ကဗျာစာအုပ်များ ပေးအပ်လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးမြို့စာကြည့်တိုက်များသို့ ရသစုံမြူးညွှန့်ဖူးဝေဆာ ကဗျာစာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်တော်သာတိုက်တန်းအနီးရှိ နန်းတော်ရှေ့ စာပေတင်းကုပ်တွင် ကျင်းပပြုလုပ်သည်။



ကဗျာစာအုပ်များ ပေးအပ်လှူဒါန်းပွဲသို့ ရသစုံမြူးညွှန့်ဖူးဝေဆာ ကဗျာစာအုပ် ရေးသားသူ ကဗျာဆရာ မြခြူးအိမ်-ကိုလေးနှင့် မန္တလေးမြို့ စာကြည့်တိုက်များမှ တာဝန်ခံများ၊ မန္တလေးမြို့ခံ စာရေးဆရာ၊ ကဗျာ၊ သတင်းမီဒီယာများ၊ ကာတွန်းဆရာများ တက်ရောက်ကြသည်။

ကဗျာစာအုပ်များ ပေးအပ်လှူဒါန်းခြင်းတွင် ကဗျာဆရာ မြခြူးအိမ်-ကိုလေးက စာအုပ်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မန္တလေးမြို့စာကြည့်တိုက်များဖြစ်သော မန္တလေးတောင်စာကြည့်တိုက်၊ ရွှေဥဒေါင်းစာကြည့်တိုက်၊ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းစာကြည့်တိုက်၊ ပုသိမ်ကြီးမြို့မစာကြည့်တိုက်၊ အလင်းရောင်စာကြည့်တိုက်များသို့ ကဗျာစာအုပ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တက်ရောက်လာသူများအား ကဗျာဆရာ မြခြူးအိမ်-ကိုလေးမှ အမှတ်တရလက်မှတ်ရေးထိုး ကဗျာစာအုပ်ကို လက်ဆောင်ပေးအပ်ခြင်း အကျွေးအမွေးတို့ဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

ကျော်မင်းသော်

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှေ့ဖုံးမှ

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မီးပုံးပျံလွှတ်တင်ရေး ပြိုင်ပွဲဝင်အဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များ၊ အနုပညာရှင်များက မြန်မာ့ရိုးရာမီးပုံးငယ်များကို ကိုင်ဆောင်၍ လိုက်လံနွေးထွေးစွာ ကြိုဆိုကြသည်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထိုသို့ ဖဲကြိုးဖြတ်ဖွင့်လှစ်သည်နှင့်တစ်ပြိုင်နက် မီးပုံးပျံငယ်များကို တစ်ပြိုင်နက် လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းနှင့် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင် တေးသီချင်းဖြင့် ကပြဖျော်ဖြေခြင်းများကို ဆောင်ရွက်ကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်ကြရာ ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ညမီးကြီး မီးပုံးပျံများနှင့် စိန်နားပန် မီးပုံးပျံများအား ပြိုင်ပွဲဝင်အသင်းများအလိုက် အသီးသီး လွှတ်တင် ပူဇော်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြပြီး လာရောက်အားပေးကြသည့် မိဘပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုကဲ့သို့ မီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့များကလည်း ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ကာ

စာမျက်နှာ ၄ သို့ ☆



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



ကာကွယ်ရေးဝန်ကြီးဌာနမှ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။





၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

☆ စာမျက်နှာ ၃ မှ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ ဆီမီးများကို အတူတကွ ထွန်းညှိပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လှည့်လည် ဖူးမြော်ကြည်ညိုပြီး သဒ္ဓါမိပတိ ခေါင်းလောင်းတော်ကြီးအား လက်ယာရစ် ထိုးခတ်ပူဇော်ကာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး

စာမျက်နှာ ၅ သို့ ☆



စွမ်းအင်ဝန်ကြီးဌာနမှ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။




ပြန်ကြားရေးဝန်ကြီးဌာနမှ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။




သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



အလုပ်သမားဝန်ကြီးဌာနမှ စိန်နားပန်မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။

☆ စာမျက်နှာ ၄ မှ

တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြသည်။

**ခင်းကျင်းပြသရောင်းချ**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဉယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဉယျာဉ်ဝတ္ထု ကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင် ဖျော်ဖြေပွဲများဖြင့် တင်ဆက်သွားမည်ဖြစ်ပြီး စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။





တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များနှင့် ပြိုင်ပွဲဝင်အသင်းများက ကပြဖျော်ဖြေကြစဉ်။



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော် စတင်ကျင်းပ
## အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ကုသိုလ်ယူတစ်ခဲနက် ပါဝင်ဆင်နွှဲ

နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးတွင် ယနေ့ညနေပိုင်းမှ စတင်၍ တန်ဆောင်တိုင်မီးထွန်း ပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော် ပွဲတော်ကို စည်ကားသိုက်မြိုက် စွာကျင်းပလျက်ရှိရာ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူ များ ကုသိုလ်ယူတစ်ခဲနက်ပါဝင် ဆင်နွှဲကြသည်။

ယနေ့သည် တန်ဆောင်တိုင် ပွဲတော်ကြီး၏ ပထမဆုံးရက် ဖြစ်သော်လည်း ဘုရားမုခ်ဦး အပြင်ကားရပ်နားဝင်းနေရာများ၌ နေပြည်တော် ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ကားများ များပြားလျက်ရှိပြီး ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်/အထွက်လမ်းကြောင်း များ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးကာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌ လည်း မီးထွန်းပွဲတော်ကြီး၌ တပျော်တပါး ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ဘုရားဖူး ပြည်သူများဖြင့် အထူးစည်ကား လျက်ရှိသည်ကို ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။

ထို့ပြင် တာဝန်ရှိသူများ က တန်ဆောင်တိုင်ပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေး အန္တရာယ် ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရား ဖူးမြော်ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေး အရ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သံဃာတော် များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများဘုရားရင်ပြင် တော်သို့ သွားလာရေးလွယ်ကူစေ ရန်အတွက် မော်တော်ယာဉ်ငယ် များဖြင့် စနစ်တကျပို့ဆောင်ပေး ကြကာ ပွဲတော်အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့် နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာ များ၊ ဈေးပွဲတော်နေရာများနှင့် အခြား သွားရောက်လေ့လာနိုင် မည့်နေရာများကိုလည်း အလွယ် တကူ သွားရောက်နိုင်ရေးအတွက် လမ်းညွှန်ပြသပေးကြသည်။

ထို့နောက် တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြ သည့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများသည် စိတ်အေးချမ်း သာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးအား ပန်း၊ ရေချမ်း နှင့် ဆီမီးကပ်လှူဖူးမြော်ကြည်ညို ကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီးထွန်းညှိကပ်လှူပူဇော်ခြင်း၊ LED မီးများဖြင့် အလှဆင်ပူဇော် ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ် ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့ များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော် ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓ ဥယျာဉ် ဝတ္ထုကံတော်အတွင်း တရားဓမ္မအသံများဖြင့် ထုံမွှမ်း လျက်ရှိသည်။

ပွဲတော်ကြီး၏ အနှစ်သာရ ဖြစ်သည့် မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာ အသီးသီး၌လည်း ဘုရားဖူးလာ ပြည်သူများက ကြိုတင်စောင့်ဆိုင်း ရောက်ရှိနေကြပြီး မီးပုံးပျံ အောင်မြင်စွာ လွှတ်တင်နိုင်ရေး အတွက် တာဝန်ရှိသူများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း အထူး စိတ်ဝင်တစားကြည့်ရှုလေ့လာကြ သည်။



ထို့နောက် မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့် အချိန်တွင် တိုင်းရင်းသားရိုးရာ အကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများဖြင့် တွဲဖက်၍ ဘုရားဝင်းအတွင်း သတ်မှတ် နေရာများအလိုက် မီးရှူး၊ မီးပန်း များ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံအသေးများ၊ အလှညမီးကြီး နှင့် စိန်နားပန်မီးပုံးပျံကြီး များအား ကောင်းကင်ယံထက်သို့ အောင်မြင်စွာ လွှတ်တင်ပူဇော် ကြရာ ဘုရားဖူးလာပြည်သူများ ၏ ကြည်နူးပီတိလက်ခုပ်သံများ ဖြင့် နေပြည်တော်တန်ဆောင်မုန်း လ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့ သည့်အပြင် တေးသံရှင်များ၏ တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကြူးရေးဖွဲ့ထားသည့် တေး သီချင်းများ သီဆိုဖျော်ဖြေမှု ကြောင့်လည်း ပွဲတော်ကြီးကို ပိုမို ပြည့်စုံစေခဲ့သည်။

ယနေ့ညတွင် ဝန်ကြီးဌာန အလိုက် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင် ပွဲများအဖြစ် စိန်နားပန်မီးပုံးပျံ လွှတ်တင်ယှဉ်ပြိုင်မှုတွင် သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီး ဌာနနှင့် ပြည်ထောင်စုစာရင်းစစ် ချုပ်ရုံးတို့က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြသည်။

အလားတူ ညမီးကြီးမီးပုံးပျံ လွှတ်တင်ယှဉ်ပြိုင်မှုတွင် ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့ က မီးပုံးပျံများ အောင်မြင်စွာ လွှတ်တင်နိုင်မှုနှင့်အတူ သက်ဆိုင် ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်း များနှင့် ပြည်သူများကလည်း သတ်မှတ်နေရာအသီးသီး၌ မီးပုံး ပျံငယ်များကို ပြိုင်တူလွှတ်တင် ခြင်းကြောင့် ကောင်းကင်ယံတွင် စိန်နားပန်နှင့် ညမီးကြီးမီးပုံးပျံ ကြီးများ၏အလှကို ပိုမိုပေါ်လွင် စေခဲ့သည်။

ထိုသို့ ယှဉ်ပြိုင်နေစဉ်အတွင်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများက လည်း ရှမ်းရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ် တီးခတ်မှုများ၊ သံချပ်တီးလုံးများ၊ မြန်မာ့ရိုးရာ ဆင်အကများ၊ ဆီမီးခွက် ကိုင်ဆောင် ပူဇော်ခြင်းများနှင့် အတူ တန်ဆောင်တိုင်ပွဲတော် ကာလကို ဖော်ကြူးရေးဖွဲ့ထား သည့် တေးသံသာများကြောင့် လည်း တန်ဆောင်တိုင်ညအလှ ကို ပိုမိုအသက်ဝင်စေခဲ့သည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် အတွင်း၌လည်း LED မီးများဖြင့် အလှဆင် ပူဇော်ထားရှိသည့် အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့်ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများ နှင့် အံ့မခန်းဗိသုကာလက်ရာများ ကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ် တွင် တစ်ကြိမ်သာကြုံတွေ့ရမည့် တန်ဆောင်တိုင် မီးထွန်းပွဲတော် နှင့်ယှဉ်တွဲ၍ ဖူးမြော်ကြည်ညို လေ့လာနိုင်ခဲ့ကြသည်။

ဆက်လက်၍ ကျောက်စာရုံ စေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံ ဘုရားများ၊ ဂန္ဓကုဋီတိုက်များ၊ သုမေ္မာဇရပ်များ၊ မာရဝိဇယ ကျောင်းတော်နှင့် အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီးသို့ သွား ရောက်ဖူးမြော်ကြည်ညိုလေ့လာ ကြသည့် ဘုရားဖူးလာပြည်သူများ နှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်း အကြီး၊ ရေပန်းဝိုင်းအသေးနေရာ များ၌ မိသားစုလိုက်သော်လည်း ကောင်း၊ မိတ်ဆွေသူငယ်ချင်းအစု အဖွဲ့လိုက်သော် လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံ ရိုက်ကြသည့်ဘုရားဖူးလာပြည်သူ များဖြင့်လည်း အထူးစည်ကား လျက်ရှိသည်။

တန်ဆောင်တိုင် မီးထွန်း ပွဲတော်လာပြည်သူများ စိတ်အေး ချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲ နိုင်ရေးအတွက်လည်း တာဝန်ရှိသူ များနှင့် မြန်မာနိုင်ငံကြက်ခြေနီ အသင်းတို့က ဘုရားပရိဝုဏ် အတွင်း စနစ်တကျလိုအပ်သည် များကို ကူညီဆောင်ရွက်ပေးသည့် အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ် လာပါက အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက် လည်း ကျန်းမာရေးစောင့်ရှောက် မှုဆေးခန်းများ ဖွင့်လှစ်ထားရှိ သည်ကိုလည်း တွေ့မြင်ရသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် ကို မီးထွန်းပွဲတော်၊ မီးပုံးပျံ လွှတ်တင်ပူဇော်ပွဲတော်၊ မသိုး သင်္ကန်းရက်လုပ် ပူဇော်ပွဲတော် များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်း ပွဲတော်တို့ဖြင့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပ သွားမည် ဖြစ်သည့်အတွက် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတု တော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော် ကြည်ညိုရင်း တန်ဆောင်တိုင်ည ၏ အလှနှင့်ရသကို အပြည့်အဝ ခံစားနိုင်မည် ဖြစ်ကြောင်းလည်း သိရသည်။ **သတင်း - မျိုးဆက်သစ်**

**ဓာတ်ပုံ - ဖိုးပြည့်စုံ၊ သီဟ**



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များသို့ ကြိတ်ကြိတ်တိုးပါဝင်ဆင်နွှဲကြသည့် ပြည်သူများဖြင့် အထူးစည်ကားများပြား

နေပြည်တော် နိုဝင်ဘာ ၂

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို ယနေ့ ညနေပိုင်းမှစတင်၍ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်ပရဝဏ်အပြင်ဘက် သတ်မှတ်နေရာများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နေပြည်တော်ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှပြည်သူများ စိတ်ပါဝင်စားစွာဖြင့် ကြိတ်ကြိတ်တိုးပါဝင်ဆင်နွှဲကြသည်။



### ပါဝင်ဆင်နွှဲ

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့ရာ ယခုနှစ်တွင်လည်း ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး အဆိုပါပြည်သူများ ဘုရားဖူးမြော်လာရောက်စဉ် စိတ်အပန်းဖြေပျော်ရွှင်မှုရှိစေရေးနှင့် လှေလာဝယ်ယူနိုင်ရေးအတွက် MSME ထုတ်ကုန် ဈေးဆိုင်ခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာများ၊ ဒေသထွက်ကုန်များ စသည်ဖြင့် ဈေးဆိုင်ခန်းပေါင်း ၃၀၀ ကျော်အပါအဝင် ဖျော်ဖြေရေး အစီအစဉ်ကောင်းများဖြင့် တန်ဆောင်တိုင်ပွဲတော်ကို ကျင်းပပေးခြင်းဖြစ်ရာ ပြည်သူများ တပျော်တပါး တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

အဆိုပါပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများကို သက်ဆိုင်ရာပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ဒေသအလိုက် ရိုးရာအစားအစာများ၊ ယဉ်ကျေးမှုများ၊ MSME ထုတ်ကုန်များ အကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ဘုရားဖူးလာပြည်သူများက စိတ်အားထက်သန်စွာ လှေလာကြည့်ရှုကြသည်။

ထို့ပြင် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာ ပြခန်းများ၊ One Region One Product ထုတ်ကုန်ပစ္စည်း ပြခန်းများ၊ EV ကားနှင့် မော်တော်ဆိုင်ကယ် အရောင်းပြခန်းများ၊ ရခိုင်ရိုးရာနှင့် ရှမ်းရိုးရာ အစားအစာအရောင်းဆိုင်ခန်းများ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ စားသောက်ကုန်နှင့် ဒေသထွက်ကုန်ပစ္စည်း ပြခန်းများ၊ နေပြည်တော်ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ အိမ်တွင်းလက်မှု အနုပညာအရောင်းပြခန်း၊ ရိုးရာအဝတ်အထည်များနှင့် မြန်မာ့ရိုးရာ အစားအစာ အရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုး ဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက် မြန်မာ့ရိုးရာ မုန့်ဆိုင်များ၌လည်း မြန်မာမုန့်များအား နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူအားပေးကြသည့် မြင်ကွင်းကိုလည်း ကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။

ထို့အတူ ပွဲတော်လာပြည်သူများ အတီး၊ အမှုတ်၊ အက၊ အခုန်၊ ဆိုင်းသံ၊ ဗုံသံ စုံလင်စွာ လွှမ်းခြုံထားသည့် မြန်မာ့ဇာတ်သဘင် အနုပညာကို ခံစားနိုင်စေရန်အတွက် နိုင်ငံကျော်ဇာတ်မင်းသား ဖိုးချစ် ဇာတ်ပွဲသဘင်ကိုလည်း ထည့်သွင်း ဖျော်ဖြေပေးခဲ့ရာ ပြည်သူများ ကြိတ်ကြိတ်တိုး ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဖိုးချစ်ဇာတ်ပွဲသဘင်တွင် ခေတ်မီသည့် စင်မြင့်အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီနည်းပညာရပ်များ တွဲဖက်၍ ထူးချွန်ပြောင်မြောက်လှသည့် မင်းသား၊ မင်းသမီးများ၏ အဆို၊ အပြောနှင့် နှစ်ပါးသွားအကခန်း၊ အော်ပရာနှင့် စင်တင်ပြဇာတ်ကြီးများ၊ လူရွှင်တော်များ၏ စိတ်နှလုံးပျော်ရွှင်ဖွယ် ဟာသပျက်လုံးများနှင့် ဟာသတစ်ခန်းရပ်များ၊ ဇာတ်သဘင်ကို အမိကပံ့ပိုးပေးနေသည့် ဆိုင်းဝိုင်းကြီးများ၏ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်မှုများကြောင့် ဇာတ်ပွဲကြီး၏အနှစ်သာရကို ပိုမိုပေါ်လွင်စေခဲ့ပြီး အနုသုခုမကို စိတ်ဝင်စား၍ လာရောက်အားပေး ကြည့်ရှုကြသည့် ပြည်သူများ အနေဖြင့်လည်း စိတ်ကျေနပ်မှုအပြည့်အဝရရှိခဲ့ကြကာ အဆိုပါဇာတ်သဘင်ကို တန်ဆောင်တိုင် ကာလအတွင်း ညစဉ် ကပြတင်ဆက်သွားမည်ဖြစ်သည်။



ထို့ပြင် ပွဲတော်လာပြည်သူများ ခေတ်ပေါ်တေးဂီတကို ခံစားနားဆင်နိုင်စေရန်အတွက်လည်း ခေတ်ပေါ်တေးဂီတ (စတိတ်ရှိုး) ဖျော်ဖြေရေး အစီအစဉ်အဖြစ် နိုင်ငံကျော်တေးသံရှင်များဖြစ်သည့် ကိုင်ဇာ၊ ဝေလ၊ နေမင်းအိမ်၊ လွှမ်းပိုင်၊ ရွှေထူး၊ ဂျီလတ်၊ ဝေကြီး၊ ဟဲလေး၊ဖြိုးကြီး၊ ဖော်ဝေး၊ ဂျိုးလေး၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊ ချယ်ရီသင်း၊ စန္ဒီမြင့်လွင်၊ ရတနာမိုင်၊ အိုင်းရင်းဇင်မာမြင့်၊ ဆုထက်လှိုင်၊ မိစန္ဒီ၊ သားစိုး၊ သံသာမိုးသိမ့်နှင့် နန်းဆုရတီစိုး စသည့် နာမည်ကြီးအဆိုတော်များက Hi Bird Music Band နှင့် Runner Music Band တို့၏ တီးခတ်မှုနှင့်တွဲဖက်၍ လူကြိုက်များလှသည့် တေးသီချင်းများဖြင့် အလှည့်ကျ ဖျော်ဖြေသီဆိုပေးကြရာ ပျော်ရွှင်တက်ကြွစွာ လာရောက်နားဆင်ခံစားကြသည့် ပြည်သူများဖြင့်လည်း အထူးစည်ကားခဲ့သည်။

ထို့ပြင် ဘုရားဖူးလာ ကလေးငယ်များအတွက် အစီအစဉ်ကောင်းတစ်ခုအဖြစ် ထည့်သွင်းထားသည့် ကလေးကစားကွင်းများ၌လည်း ရဟတ်၊ ပင်လယ်ဓားပြလှေ ပျော့အိ၊ ကလေးစီးကား စသည့် ကလေးကစားနည်းများ စုံစုံလင်လင် ထည့်သွင်းထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များ၏ ချစ်စဖွယ် ပုံရိပ်များကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်၊ ဖိုးချစ်ဇာတ်ပွဲသဘင်နှင့် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို တန်ဆောင်တိုင် ပွဲတော်ကာလဖြစ်သည့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည့်အတွက် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီးကို ဆင်နွှဲကာသိုလ်ယူရင်း ဈေးရောင်းပွဲတော်ကြီးနှင့် ဖျော်ဖြေရေး အစီအစဉ်များသို့လည်း စိတ်ချမ်းမြေ့ပျော်ရွှင်စွာ လာရောက်ဆင်နွှဲနိုင်ပါကြောင်း သတင်းကောင်း ပါးလိုက်ရပါသည်။

သတင်း - ခေတ်လူငယ်

ဓာတ်ပုံ - ဖိုးပြည့်စုံ၊ သီဟ





# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E. Mr. Andrey Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ မန္တလေးမြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်နေရာများသို့ သွားရောက်လေ့လာ

**မန္တလေး နိုဝင်ဘာ ၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းသားအဖွဲ့တို့က နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ ကြိုဆိုခဲ့ကြသည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့အကြား လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ခရီးသွား၊ ကုန်သွယ်ရေး ကဏ္ဍအသီးသီးတို့တွင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ မန္တလေးမြို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့တို့အကြား ညီအစ်မမြို့တော်ထူထောင်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားမှုကိစ္စနှင့် လက်မှတ်ရေးထိုးပြီးနောက် မြို့နှစ်မြို့အကြား ၂၀၂၆ ခုနှစ်မှ ၂၀၂၈ ခုနှစ်အတွင်း စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်အောင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

၎င်းနောက် အဆိုပါအဖွဲ့သည် မန္တလေးမြို့၏ ယဉ်ကျေးမှုအမွေအနှစ်နေရာများဖြစ်သော မြနန်းစံကျော်ရွှေနန်းတော်၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား၊ ရွှေနန်းတော်ကျောင်းတို့သို့ သွားရောက်လေ့လာကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြသည်။

အဆိုပါအဖွဲ့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က ချမ်းမြသာစည်မြို့နယ်ရှိ IBIS Styles ဟိုတယ်တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါအဖွဲ့အား မွန်းလွဲပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်းနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ညောင်ဦးလေဆိပ်သို့ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀











## ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၃၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ချောင်းရေ၊ မြေအောက်ရေတင်ပြီး သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၃၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းရာသီမှာ ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးဖို့ ၅၇၇ ဧက လျာထားပါတယ်။ လက်ရှိအချိန်ထိ ၃၁၅ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးတဲ့ တောင်သူတွေကို GAP နည်းစနစ်ဖြင့် စိုက်ပျိုးဖို့၊ ဓာတုကင်းစင်ပြီး ကျန်းမာရေးနှင့်ညီညွတ်တဲ့ သီးနှံများထွက်ရှိရေး အသိပညာပေးလျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုအဖြစ် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပန်းမုန်လာ၊ ခရမ်း၊ ခရမ်းချဉ်၊ မုန်ညင်း၊ ရုံးပတီ၊ မုန်လာထုပ် စသည့်သီးနှံများ စိုက်ပျိုးကြကြောင်း၊ ဒေသခံပြည်သူများ မိသားစုဝင်ငွေရရှိပြီး အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းညို**



# လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂

လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာခင်စောနွဲ့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



မင်္ဂလာပါရှင့်၊ ကျွန်မကတော့ ဒေါက်တာခင်စောနွဲ့ ဖြစ်ပါတယ်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်၊ လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီ(ဒူးလေးပါတီ)မှ ဖြစ်ပါတယ်ရှင့်။

**မူဝါဒအနေဖြင့်**

ပါတီစုံဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာ၌ တိုင်းရင်းသား အားလုံးပါဝင်ရမည်။ ဒီမိုကရေစီလမ်းကြောင်းနှင့် မလွဲချော်စေရန် ဖြစ်ပြီး ဥပဒေနှင့် ညီညွတ်သော လုပ်ဆောင်ချက်များကို လုပ်ဆောင် နိုင်ရန် ဖြစ်ပါသည်။

လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေ ခံစားခြင်းများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရန် မူဝါဒများသည် လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ မူဝါဒများပင် ဖြစ်ပါသည်။

**သဘောထားအနေဖြင့်**

လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ချစ်မြတ်နိုးပါသည်။ မြန်မာနိုင်ငံ တွင် နေထိုင်ကြသော တိုင်းရင်းသားအားလုံး အချင်းချင်းတန်ဖိုးထားရ သော ကိုယ်ပိုင်ယဉ်ကျေးမှု၊ စာပေ၊ အနုပညာများကို ဖော်ထုတ်ပြီး နိုင်ငံ၏ ဒီမိုကရေစီလုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးပြီး ပေါင်းစည်း နေထိုင်လိုသော သဘောထားများရှိပါသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း အောင်မြင်စွာ ကျင်းပနိုင်စေချင် သော သဘောထားသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ သဘောထားပင်ဖြစ်ပါသည်။ ထို့ပြင် ပါတီများ တိုင်းရင်းသားများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးကို ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံးက ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းကြဖို့ကိုလည်း မျှော်မှန်းချက်ထားပါသည်။ ဒီမိုကရေစီ ဖော်ဆောင်ရေးကို လုပ်သားပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေ သော လုပ်ငန်းဆန္ဒများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ သဘောထားတစ်ရပ်ပင်ဖြစ်ပါသည်။ ထို့ပြင် လီဆူ လူမျိုးများအနေနှင့် မိမိတို့၏ ဒေသစွဲ၊ လူမျိုးစွဲမရှိ အလွန်ရိုးသားသော နိုင်ငံတော်ကို ပုန်ကန်သောအဖွဲ့အစည်းမျိုးလည်း မရှိခဲ့ကြပါ။ ဒါကြောင့် လည်း သမိုင်းပညာရှင် သုတေသီများအနေနှင့်လည်း ဂုဏ်ပြု၍ လီဆူ တို့၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးစံများကို သုတေသနပြု၍ ဖော်ထုတ်ခဲ့သည်။ လီဆူတိုင်းရင်းသားတို့၏ ချစ်စဖွယ် တန်ဖိုးထားဖွယ် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကမ္ဘာ့နေရာအနှံ့အပြား ပျံ့နှံ့နေထိုင်ခြင်းများ၊ ဥပမာ အိန္ဒိယ၊ ယူနန်ပြည်နယ်၊ အရှေ့တောင်အာရှများတွင် ပျံ့နှံ့ နေထိုင်သော်လည်း ဘုံစကားရှိ၍ တန်ဖိုးထားစရာဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။ တိုင်းရင်းသားတစ်ဦးနှင့်တစ်ဦး ချစ်ခင်လေးစားလာ စေခြင်းသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သဘောထား ဖြစ်ခဲ့ရသည်။

ဒီမိုကရေစီလမ်းကြောင်း ဖော်ဆောင်ရာတွင် ငြိမ်းချမ်းရေးသည် အလွန်အရေးကြီးသော ကဏ္ဍမှပါဝင်သည်။ တစ်ကမ္ဘာလုံး ငြိမ်းချမ်း ကြပါစေ။ မြန်မာပြည်တစ်ဝန်း လှပသာယာစိုပြည်စေချင်တာကလည်း လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏သဘောထားပင် ဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများအနေနှင့်လည်း ပွင့်လင်း မြင်သာသောဆန္ဒများ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ကြမယ်၊ နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာက ပါဝင်လာကြ မယ်ဆိုရင် ယနေ့နိုင်ငံတွင် ကြုံတွေ့နေခဲ့ရသော ရေဘေး၊ ငလျင်ဘေး စတဲ့ သဘာဝအန္တရာယ်များခံစားရသော ဒေသခံတိုင်းရင်းသားများကို တတ်စွမ်းသမျှ ကူညီချစ်ခင်ဝိုင်းဝန်း အားပေးကြမယ်ဆိုပါက အားလုံး ကို ကမ်းလင့်လို့ကြိုနေကြမှာပါ။ ရင်ထဲမှာ မေတ္တာထားတတ်ကြတာ လူသားတိုင်းမှာ ရှိပါတယ်။ ဒါကြောင့် အားလုံးမေတ္တာအရင်းခံထားပြီး အချင်းချင်းစည်းလုံးချစ်ကြည် ငြိမ်းချမ်းစေချင်ကြခြင်းသည် လီဆူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ သဘောထား၊ မေတ္တာထုထည် ကြီးမားခြင်းပင်ဖြစ်သည်။ တိုင်းရင်းသားအားလုံး ယုံကြည်ကိုးကွယ်ခြင်းများကိုလည်း လွတ်လပ်စွာကိုးကွယ်ကြပြီး အဓိကသည် မေတ္တာထားကြတာခြင်းကတော့ တူညီကြပါသည်။ လီဆူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)သည် လွတ်လပ်စွာ ကိုးကွယ်ပြီး တိုင်းရင်းသားအားလုံး နိုင်ငံတော်ကိုချစ်ပြီး အတူတကွ နိုင်ငံ့အကျိုးသယ်ပိုးစေလိုသော သဘောထားသည်လည်း လီဆူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)၏ သဘောထား တစ်ရပ်ပင်ဖြစ်ပါသည်။

တောင်ပေါ်၊ မြေပြန့်မခွဲခြားဘဲ တိုင်းရင်းသားများ၏ ပညာရေး တိုးတက်ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးလာစေရန် စွမ်းဆောင်ပေးနိုင်သော သဘောထားများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ သဘောထားတစ်ရပ်ပင်ဖြစ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် လည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေသော ဌာနေပြည်သူ့စစ် လီဆူ တိုင်းရင်းသား လူငယ်မောင်မယ် တိုင်းရင်းသားများသည်လည်း နိုင်ငံ့ အကျိုးသယ်ပိုးရာတွင် အခြားတိုင်းရင်းသားများနည်းတူ စေတနာ အရင်းခံ၍ စည်းလုံးကူညီပံ့ပိုး ပူးပေါင်းဆောင်ရွက်စေလိုသော သဘော ထားများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) ၏သဘောထားပင်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး၏ စားဝတ် နေရေးများ ပြေလည်ပြီး ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးစေလိုသော သဘောထားများသည် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)၏ စိတ်ရင်းသဘောထားတစ်ရပ်ပင်ဖြစ်ပါသည်။

**လုပ်ငန်းစဉ်များ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံး၏ပညာရေးကိုခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကချင်ပြည်နယ် ပူတာအိုခရိုင်တွင်ရှိသော လီဆူ၊ ရှမ်း၊ ရဝမ်ရွာများတွင် သင်ထောက်ကူပစ္စည်းများကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပေါင်းစည်း၍ လှူဒါန်းမှုများ ပြုလုပ်ပါမည်။

တိုင်းရင်းသားမောင်မယ်လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်း များရရှိစေရန် အသေးစားစက်မှုလုပ်ငန်း အိမ်တွင်းမှုသင်တန်းများကို သင်တန်းပို့ချပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုလုပ်နိုင်ရန် အစီအစဉ်များ ဆောင်ရွက်ပါမည်။

ဗုဒ္ဓဘာသာ၊ ခရစ်ယာန် မခွဲခြားဘဲ လိုအပ်သော လှူဒါန်းမှုများကို စီးပွားရေးလုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ ပါဝင်ဆောင်ရွက်ပါမည်။ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်း၍ ပူတာအို ခရိုင်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း အထောက်အကူပြု အဖွဲ့ငယ် များနှင့်အတူ ပူးပေါင်း၍ ကမ္ဘာ့ ခရီးသွားများ လာရောက်၍နိုင်ငံတော် ဝင်ငွေတိုးတက်ရေး၊ E Tourism ကို အကောင်အထည်ဖော်ရန်ဆောင်ရွက် ပါမည်။ တိုင်းရင်းသားများ ပြန်လည် စည်းလုံးညီညွတ်ရေး ရရှိနေစေဖို့ အတွက် အမျိုးသားစည်းလုံးညီညွတ် ရေး ခိုင်မာနေရန် လိုအပ်ပါသည်။ လက်ရှိအခြေအနေအရ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေးအတွက် ဖြေရှင်းရမည်ဖြစ်ပါသည်။



လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ သတ္တုတူးဖော်ခြင်း၊ ကျောက်စိမ်းတူးဖော်ခြင်း၊ ပယင်းတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်း များသည် ကချင်ပြည်နယ်တွင် နေထိုင်ကြသူများ၏ အဓိကအသက်မွေး ဝမ်းကျောင်း စီးပွားရေးလုပ်ငန်းများ ဖြစ်ကြပါသည်။ ထို့ကြောင့်လည်း ဥပဒေနှင့်အညီ တရားဝင်နိုင်ငံသား တိုင်းရင်းသားများအတွက် လုပ်ပိုင် ခွင့်များ ရရှိရေးအတွက်လည်း ဆောင်ရွက်နိုင်ရန် ဦးဆောင်မှုများ ပြုလုပ်နိုင်ခြင်း လုပ်ငန်းစဉ်တစ်ရပ်အဖြစ် လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ(ဒူးလေးပါတီ)အနေနှင့် တင်ပြဆောင်ရွက်ပါမည်။

လူမှုစီးပွား၊ လူ့အခွင့်အရေးများ လျင်မြန်တိုးတက်ဖွံ့ဖြိုးစေမည့် ဒူးလေးပါတီ၊

အလုပ်အကိုင်အခွင့်အလမ်း၊ ပညာဖွံ့ဖြိုး လျင်မြန်စွာ တိုးတက်စေ မည့် ဒူးလေးပါတီ၊

ယုံကြည်မှုကို အကောင်အထည်ဖော်မှာ ဒူးလေးပါတီပါရှင့်။

ကျေးဇူးတင်ပါတယ်ရှင်။

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)**
**ပါတီစည်းရုံးရေးသီချင်းအား မြန်မာဘာသာပြန်ဆိုချက်**

- လီဆူပါတီ ဒူးလေးပါတီ ဒူးလေးပါတီသည် လီဆူအမျိုးသားများအိမ် ဖြစ်၍ မိမိတို့အိမ်ကို တည်ဆောက်ထိန်းသိမ်းရမည်။
- ကိုယ့်အိမ်ကိုယ့်ယာမရှိခဲ့ရင် ဒီကမ္ဘာပေါ်မှာ မျက်နှာငယ်ရမည်။
- လီဆူအမျိုးသားများ နိုးထလော့/စည်းလုံးကြလော့ ကိုယ့်ရဲ့ ဒူးလေး ပါတီမှ ကိုယ်စားလှယ်များကို မဲပေးရွေးချယ်လိုက်ရအောင်
- လီဆူအမျိုးသားများ စည်းလုံး၍ တစ်စိတ်တစ်ဝမ်းတည်း ရှေ့ဆက် ချီတက်ကြရအောင်
- တိုင်းရင်းသားများ တန်းတူညီရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံတွင် တက်ရောက်ပါဝင် ဆွေးနွေးနေပြီဖြစ်သည်။
- ဒူးလေးပါတီသည် တို့ပါတီ လီဆူဒူးလေးပါတီ အောင်မြင်ရမည်။

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ)တေးသီချင်း**

* (လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ )၂ (ဟေ့ ဒူးလေးပါတီ)၃

Lisu National Development Party (L.N.D.P)

* ဒို့နိုင်ငံတစ်ခုလုံးရွေးကောက်ကြမည်

မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးကြမည် တိုင်းရင်းသားအားလုံး စည်းလုံးကြမည် *မဲရုံကိုသွားလို့ မဲပေးကြမည်

Lisu National Development Party (L.N.D.P)

* လူ့အခွင့်အရေး လူမှုစီးပွားရေးနဲ့ ပညာရေး

အလုပ်အကိုင်အခွင့်အလမ်းရရှိရေး

အနာဂတ်ရဲ့အောင်မြင်မှုပန်းတိုင် စွမ်းဆောင်ပေးမည့် ဒူးလေးပါတီ

* (အချစ်ဆုံးရေ အတူသွားစို့ မဲပေးကြမည်)၂ (ဒူးလေးပါတီ) Lisu National Development Party (L.N.D.P)

## ကျောင်းသား၊ ကျောင်းသူများနှင့် ရွာသူရွာသားများ၏ ဒုတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်တော် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောင်ကိုင်း ကျေးရွာ အခြေခံပညာအလယ် တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများနှင့် တောင်ကိုင်း ကျေးရွာ ရွာသူရွာသားများ၏ ဒုတိယအကြိမ်မြောက် စုပေါင်း မဟာဘုံကထိန်တော်အခမ်းအနား ကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်း က ပုသိမ်ကြီးမြို့နယ်၊ သာခို တောင် ရေထွက်ကျေးရွာအုပ်စု၊ ဗုဒ္ဓဂုဏ်ရည်ယောကျောင်းတိုက် တွင် ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ် များက နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဆရာ တော် ဘဒ္ဒန္တ ဝရဉာဏထံမှ ဧည့်ပရိသတ်အပေါင်းက ငါးပါး သီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်သောပရိတ်တရား တော်များ နာယူကြည်ညိုကြ သည်။

ထို့နောက် ဆရာတော်ထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများကို ကျေးရွာအုပ်ချုပ် ရေးမှူး ဦးအောင်နိုင်ဝင်း၊ ကျောင်း အုပ်ဆရာမကြီး ဒေါ်အေးမို့မို့နှင့် ဆရာမများ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှု အစုစုအတွက် ရေစက်ချတရား နာယူကြည်ညိုကြ၍ ဆရာတော်၊ သံဃာတော်နှင့် ဧည့်ပရိသတ် များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ကို ရုပ်သိမ်းသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်း၍ ဒုတိယ အကြိမ် စုပေါင်းမဟာဘုံကထိန် တော်တွင် ကထိန်လျာသင်္ကန်း နှင့် လှူဖွယ်ပစ္စည်း စုစုပေါင်း ငွေကျပ်သိန်း ၈၀ ကျော်ခန့် လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၅၅ ရက်
သာ လိုတော့သည်။

# စူဠာမုနိရုပ်ရှင်တော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့နှင့် ဓမ္မမိတ်ဆွေများ၏ မဟာဘုံကထိန်အလှူတော် ကျင်းပ





**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးမြို့၊ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်၊ စူဠာမုနိရုပ်ရှင်တော်မြတ် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် ဓမ္မမိတ်ဆွေများ၏ ပထမအကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

(အပေါ်ပုံ)

အခမ်းအနားတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကေသရ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များက ကြွရောက်ချီးမြှင့်တော်မူကြပြီး ဂေါပကအဖွဲ့ နှင့်အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်ဆရာတော်က ကထိန်အလှူတော် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားဟောကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ရုပ်သိမ်းခဲ့ပြီးနောက် သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

စူဠာမုနိရုပ်ရှင်တော်မြတ် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ နာယကများဖြစ်ကြသည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်တို့၏ ဦးဆောင်မှုဖြင့် မန္တလေးမြို့၊ အောင်ဆုပြည့်မြင်းခြံကျောင်း၌ ပုရိမဝါမှ ထမြောက်တော်မူကြသော သံဃာတော်အရှင်သူမြတ်တို့အား ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

## မွေးနေ့အထိမ်းအမှတ် ကိုးပူးရှင်စေတီတော်ငွေလှူဒါန်း၊ အာဟာရဒါနဆွမ်း လောင်းလှူ

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ် ဇောတိကုန်းရပ်၊ မဟာဇောတိဝိပဿနာယောဂီကမ္မဋ္ဌာန်းရိပ်သာတွင် မွေးနေ့အထိမ်းအမှတ် ကိုးဖူးရှင်စေတီတော်သို့ ငွေလှူဒါန်းပွဲနှင့် အာဟာရဒါန ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ကကျင်းပရာ ရိပ်သာဆရာတော် ဘဒ္ဒန္တ ကာရုဏိကာဘိဝံသ (ကမ္မဋ္ဌာနစရိယ)နှင့် သံဃာတော်များ၊ သီလရှင်၊ ယောဂီများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးချစ်ထွန်း (သီဟသုဓမ္မမဏိဇောတဓရ)၊ ရုံးအဖွဲ့ ဦးကျော်မင်းနှင့် မွေးနေ့အလှူရှင်များ တက်ရောက်ကြသည်။

မွေးနေ့အလှူရှင် ဦးကျော်စိုးမင်း၊ ဒေါ်မြဝတ်ရည်တို့က သမီးမဝင်းခေတ်သဒ္ဒါကျော်၏တစ်နှစ်ပြည့်အတွက် ကိုးဖူးရှင်စေတီတော်အတွက် အလှူငွေကျပ် နှစ်သိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌအား လှူဒါန်း ရာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် ရိပ်သာဆရာတော် ဘဒ္ဒန္တ ကာရုဏိကာဘိဝံသ(ကမ္မဋ္ဌာနစရိယ)ဆရာတော်အား နဝကမ္မ ငွေကျပ် တစ်သိန်း၊ ပင့်သံဃာလေးပါးအား ငွေကျပ် ၅၀၀၀၀ စီ လှူဒါန်းရာ ဆရာတော်က "ရွှေအိုးမြှုပ်" ဓမ္မတရားချီးမြှင့်ပြီး သံဃာတော်နှင့် ယောဂီ ၁၂၀ ဦးတို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(၃၄၂)

၀-၀-၀-၀-၀-၀

## ဝန်ထမ်းမိသားစုများ စုပေါင်း၍ အပတ်စဉ် ဘုံဆွမ်းလောင်းလှူကုသိုလ်ပြု

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့်ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ်(တနင်္ဂနွေနေ့)တွင် လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော သံဃာတော်၊ သာမဏေများအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် ကွယ်လွန်သူ မိခင်ကြီး ဒေါ်တင်မြအား ရည်စူး၍ အလှူရှင် ဦးမောင်မောင်+ဒေါ်မိုးသူဇာနှင့် ကျန်ရစ်သူမိသားစု လှူဒါန်းမှုတို့ဖြင့် လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော သံဃာတော်၊ သာမဏေများအား ယနေ့ နံနက်ပိုင်းက (၁၃၉)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးဖယ်အာလူးချက်၊ သရက်ချဉ်သုပ်များကို ၃၆လမ်းနှင့်၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော သံဃာတော်၊ သာမဏေအပါး ၂၀၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှစတင်၍ ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ သံဃာတော်၊ သာမဏေများအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။



(အပေါ်ယာပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀-၀

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁) အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| လီပန်တေး | ၁ | - | ၂ | ဆဲလ်တာဗိဂို |
| အလာဗက်စ် | ၂ | - | ၁ | အက်စ်ပန်ညို |

**အင်္ဂလိပ် ပရီးမီးယားလိဂ်ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀) အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၃ | - | ၁ | နယူးကာဆယ် |
| မန်စီးတီး | ၃ | - | ၁ | ဘုန်းမောက် |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ကိုလုံး | ၄ | - | ၁ | ဟမ်းဘတ် |
| ဝုဖ်ဘတ် | ၃ | - | ၃ | ဟော့ဖ်ဖန်ဟိမ်း |

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ပီရိုနာ | ၁ | - | ၂ | အင်တာမီလန် |
| ပီအိုရင်တီးနား | ၀ | - | ၁ | လက်ချီ |
| တိုရီနို | ၂ | - | ၂ | ပီဆာ |

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ရင်းနက်စ် | ၄ | - | ၁ | စထရာဘို့ |
| လိုင်လီ | ၁ | - | ၀ | အန်ဂါစ် |
| လန်းစ် | ၃ | - | ၀ | လိုရီယန့် |

# မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်နှုန်းကွာဟချက်အပေါ်ဆန်းစစ်ခြင်း ဆင့်ပွားသင်တန်းဖွင့်လှစ်



**မြစ်သား နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်နှုန်းကွာဟချက်အပေါ်ဆန်းစစ်ခြင်း (Training of Trainer TOT) ဆင့်ပွားသင်တန်းဖွင့်လှစ်ခြင်းကို ယမန်နေ့ မွန်းတည့် ၁၂နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က စားရေရိက္ခာဖူလုံရေးနှင့် တောင်သူများ ဝင်ငွေတိုးပြီး လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် (သို့မဟုတ်)သီးနှံ၏ ဖြစ်နိုင်စွမ်းရှိသော အထွက်နှုန်းကို ဆုံးဖြတ်ရန်၊ လက်တွေ့အထွက်နှုန်းနှင့် နှိုင်းယှဉ်ရန်၊ အထွက်နှုန်းကွာဟမှုကိုဖြစ်စေသော အကြောင်းအရင်းများကို ဖော်ထုတ်ရန်နှင့် အထွက်နှုန်းတိုးတက်စေရန်နည်းလမ်းများကို ရှာဖွေဆုံးဖြတ်ပေးရန် ရည်ရွယ်၍ စပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်နှုန်းကွာဟချက်အပေါ် ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ထားနွယ်က စပါးစိုက်တောင်သူများအတွက် ပန်းတိုင်အထွက်နှုန်းကို ဦးတည်သော စပါးအထွက်နှုန်းကွာဟချက်များ ဆန်းစစ်လေ့လာခြင်းသုတေသန၏ စစ်တမ်းမေးခွန်းလွှာဖြည့်စွက်နည်းများအား ဆွေးနွေးပို့ချခဲ့သည်။

အဆိုပါ ဆင့်ပွားသင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူး ဒေါ်ခင်ငြိမ်းထွေး၊ မြစ်သားမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်နှင့်ဝန်ထမ်းများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

* – * – * – * – * – *



# လဟယ်-ဆင်သေလမ်းခွဲမှ ဂဟုန်းကျေးရွာကြားရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းပြီးစီး

**စစ်ကိုင်း နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်-ဆင်သေ လမ်းခွဲမှ ဂဟုန်းကျေးရွာကြားရှိ လမ်းအရှည် (၁/၀)မိုင်အား ၂၄ ပေ အကျယ် လမ်းတာချဲ့ခြင်းနှင့် ၁၈ပေ အကျယ်၊ ၈ လက်မ ထု ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် ချင်းတွင်းနာဂကုမ္ပဏီမှ တင်ဒါအောင်မြင်ဆောင်ရွက်လျက်ရှိခြင်းဖြစ်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၈၆ ဒသမ ၉၄ ဖြင့် ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းဆောင်ရွက်နေမှုများကို အောက်တိုဘာ ၂၈ရက်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မြို့နယ်ရုံးမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ လိုက်ပါစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၉၄)**

* – * – * – * – * – *

# သဘာဝဘေးအန္တရာယ်ခံစားခွင့်နှင့် ပညာသင်စရိတ်ထောက်ပံ့

**သရက် နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ထားရှိသော အလုပ်ဌာန ၂၉ ဌာနမှ အာမခံအလုပ်သမားများသို့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အချိန်ပြည့်ပညာသင်ကြားနေသော ပညာသင်ဆိုင်ရာ မိသားစုအကျိုးခံစားခွင့်နှင့် မန္တလေးငလျင်ဘေးသင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီက သရက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် သရက်မြို့နယ်လူမှုဖူလုံရေးရုံးရုံးခွဲတာဝန်ခံက အမှာစကားပြောကြားပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါသိကောင်းစရာများနှင့် အကျိုးခံစားခွင့်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ရုံးခွဲတာဝန်ခံက အလုပ်ဌာနများကိုယ်စား ကမ္ဘာ့ရတနာဘဏ်မှ လက်ထောက်မန်နေဂျာထံသို့ အာမခံ အလုပ်သမား ၅၅ ဦးအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ငွေကျပ် ၄,၉၄၁,၆၅၇/၁၅နှင့် အာမခံအလုပ်သမား ၂၇၅ ဦး၏ ကျောင်းနေသားသမီး ဦးရေ ၃၆၅ ဦးအတွက် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေကျပ် ၁၆,၄၅၅,၀၀၀ ကို ပေးအပ်ခဲ့သည်။

သရက်မြို့နယ် လူမှုဖူလုံရေး အာမခံအလုပ်သမားများသို့ ယနေ့ပေးအပ်သည့် အကျိုးခံစားခွင့် နှစ်မျိုးပေါင်းအတွက် စုစုပေါင်းငွေကျပ် နှစ်ရာတစ်ဆယ့်သုံးသိန်းကိုးသောင်းကျော် ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

**ဇော်ထက်(သရက်)**



# မန္တလေးမြို့တွင် SCATS Controller အသုံးပြုသည့် မီးပွိုင့် (၆၅)ပွိုင့် ရှိပြီဟု ဆို

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေး(၆)မြို့နယ်တွင် မီးပွိုင့်စုစုပေါင်း ၁၃၀ တပ်ဆင်ထားသည့်အနက် မြန်မာနိုင်ငံ၌ မန္တလေးမြို့တွင် ပထမဆုံးတပ်ဆင်အသုံးပြုသည့် SCATS Co -ntroller အသုံးပြုသည့် မီးပွိုင့် ၆၅ ပွိုင့်အထိ တပ်ဆင်အသုံးပြုနေပြီဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ သိရသည်။

အဆိုပါမီးပွိုင့်စနစ်ကို နိုင်ငံပေါင်း ၁၆၈ နိုင်ငံတွင် အသုံးပြုနေပြီး မြန်မာနိုင်ငံ၌ မန္တလေးမြို့တွင် ၂၀၁၅ -၂၀၁၆ ဘဏ္ဍာနှစ်ကစတင်ကာ ပထမဆုံးအသုံးပြုခဲ့ခြင်းဖြစ်သည်။

အဆိုပါ မီးပွိုင့်များတွင် ဆိုလာစနစ်သုံး မီးပွိုင့်များလည်း ပါဝင်ပြီး ရိုးရိုး LED မီးပွိုင့် အသစ်များကိုတိုးချဲ့၍ တပ်ဆင်အသုံးပြုလျက်ရှိသည်။

မန္တလေးမြို့တော်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြောကျပ်တည်းမှု လျှော့ချနိုင်ရေးအတွက် SCATS စနစ်သုံး မီးပွိုင့် ၆၅ပွိုင့်၊ Individual Loop Sensor မီးပွိုင့် ၂၅ ပွိုင့်၊ ရိုးရိုး Timer သုံး LED မီးပွိုင့် ၄၀ ပွိုင့်၊ စုစုပေါင်း ၁၃၀ ပွိုင့် တပ်ဆင်အသုံးပြုလျက်ရှိသည့်အပြင် မီးပွိုင့်များနှင့် လိုအပ်သောနေရာများ၌ CCTV များ တပ်ဆင်ကာ ယာဉ်အသွားအလာများကို မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



# ဒုတိယအကြိမ် မြန်မာ့ရိုးရာ နွားအလှနှင့် နွားလှည်းယဉ်ကြေးပြိုင်ပွဲ ကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူ ကြီးကြပ်၍ စီစဉ်ကျင်းပသည့် ဒုတိယအကြိမ် မြန်မာ့ရိုးရာ နွားအလှနှင့် နွားလှည်းယဉ်ကြေးပြိုင်ပွဲကို နိုဝင်ဘာ ၁ရက် နံနက်ပိုင်းက မြို့နယ်အားကစားကွင်းတွင် စတင်ယှဉ်ပြိုင်ခဲ့သည်။



အဆိုပါနွားအလှနှင့် နွားလှည်းယဉ်ကြေးပြိုင်ပွဲကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ လှည်းအစီးပေါင်း ၂၈ စီး ဝင်ရောက်ယှဉ်ပြိုင်ပြီး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဒိုင်အဖြစ်ဆောင်ရွက်၍ ပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ အုပ်စုလေးဖွဲ့ခွဲယှဉ်ပြိုင်၍ အုပ်စုပထမ၊ အုပ်စု ဒုတိယတို့ကို ဆက်လက်ယှဉ်ပြိုင်ပြီး ပထမဆု ငွေကျပ် သိန်း ၅၀၊ ဒုတိယဆုငွေကျပ် သိန်း ၄၀၊ တတိယဆုငွေကျပ် သိန်း ၃၀၊ အထူးဆုငွေကျပ် ၁၀ သိန်းနှင့် ပြိုင်ပွဲဝင်နွားအလှနှင့် နွားလှည်းယဉ်ကြေးများကို ငွေကျပ် ၅ သိန်းစီ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း မြို့နယ်နွားအလှနှင့် နွားလှည်းယဉ်ကြေးပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

**(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

* – * – * – * – * – *



## အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဆု ယှဉ်ပြိုင်နိုင်ရေး ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ပြင်ဦးလွင် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ၊ ပြင်ဦးလွင်မြို့တွင် အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဆု ယှဉ်ပြိုင်နိုင်ရေး ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ဟောပြောပွဲများ၊ ဆေးလိပ်သောက်ခွင့်ရှိသောနေရာ၊ မရှိသောနေရာ စတစ်ကာ ဘုတ်များ ကပ်ခြင်း၊ လူစည်ကားရာ အချက်အချာကျသည့်နေရာများတွင် Billboard များဖြင့် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ယမန်နေ့ နံနက်ပိုင်းမှ စတင်ပြီး ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့ အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဆု ယှဉ်ပြိုင်နိုင်ရေး ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းခန်းမဆောင်၌ ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ငြိမ်းချမ်းနှင့်အဖွဲ့ ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာနှင့်အဖွဲ့တို့ ပူးပေါင်း၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ အသုံးပြုမှုလျှော့ချရေးနှင့် ဆေးလိပ်ငွေ့ကင်းစင် (ပြင်ဦးလွင်)နိုင်ရေး စသည့် ကျန်းမာရေးဆိုင်ရာဗဟုသုတများကို ကျောင်းသား၊ ကျောင်းသူများအား ဟောပြောခဲ့ကြသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ်အတွင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ အသုံးပြုမှုလျှော့ချရေးနှင့် ဆေးလိပ်ငွေ့ကင်းစင်(ပြင်ဦးလွင်) အသိပညာပေးလှုပ်ရှားမှုအဖြစ် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးဦးဆောင်သော ဌာနဆိုင်ရာအဖွဲ့နှင့် ပြင်ဦးလွင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့်အဖွဲ့တို့ ပူးပေါင်း၍ မြို့အဝင် အဝိုင်းပတ်(မြို့တော်ခန်းမအနီး)၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း၊ မြို့မဈေးကြီး၊ ခရိုင်အားကစားကွင်း၊ ပြင်ဦးလွင်ဘူတာရုံ စသည့်နေရာများနှင့် လူအများသွားလာနေသည့် လူစည်ကားရာ နေရာများတွင် ဆေးလိပ်သောက်ခွင့်ရှိသောနေရာ၊ မရှိသောနေရာ စတစ်ကာဘုတ်များ ကပ်ခြင်း၊ Billboard များဖြင့် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို အတူပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

(အပေါ်ပုံ)

ခရိုင်(ပြန်/ဆက်)

## မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၌ မိုးစပါး စိုက်ပျိုးထားရှိမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မကွေး နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်တွင် သမဝါယမကဏ္ဍမှ မိုးစပါးစိုက်ဧက ၁၈၄၀အား အကောင်အထည်ဖော်လျက်ရှိရာ စပါးခြံကျေးရွာ၊ လွင်လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမ အသင်းလီမိတက်မှ အသင်းသားဦးအောင်နိုင်ဝင်း၏ မိုးစပါး စိုက်ပျိုးထားရှိမှုအခြေအနေကို ယမန်နေ့ နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ထွန်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပေးနိုင်ရေး၊ ရေရရှိရေးနှင့် နည်းပညာများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပဇင်းနိမ့်ကျေးရွာ၊ ဟသ်ာနီအသင်းဥက္ကဋ္ဌ ဦးအေးဝင်း၏ ကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုခဲ့ပြီး လုပ်ငန်းတိုးချဲ့နိုင်ရေးအတွက် တိုင်းဒေသကြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေရရှိရေး ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)



## ရတနာပုံတက္ကသိုလ် (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**မန္တလေး နိုဝင်ဘာ ၂**




ရတနာပုံတက္ကသိုလ် နေ့သင်တန်း၏ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ ဌာနမှူး(စီမံ/ဘဏ္ဍာ)၊ ဌာနမှူး(သင်တန်းရေးရာဌာန)၊ မော်ကွန်းထိန်း(ကျောင်းသားရေးရာဌာန)၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျင်းပခဲ့သည့် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့၊ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေဘွဲ့နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စာကြည့်တိုက်နှင့်သုတပညာ ဘွဲ့လွန်ဒီပလိုမာဘွဲ့ အသီးသီးအတွက် အောင်မြင်ခဲ့ကြသည့် မောင်မယ်များအား ဘွဲ့လက်မှတ်များ အပ်နှင်းပြီး ဘွဲ့နှင်းသဘင် မိန့်ခွန်းမြွက်ကြားသည်။

အဆိုပါ (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အစမ်းလေ့ကျင့်ရက် အပါအဝင် နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ အပိုင်း(၄) ပိုင်းခွဲပြီး တက်ရောက်ဘွဲ့ ၁၂၉၈ ဦး၊ အဝေးရောက်ဘွဲ့ ၁၅၃ ဦး၊ စုစုပေါင်း ၁၄၅၁ ဦးကို ဘွဲ့အပ်နှင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (ဝ၈၂)**

## စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ပုဂ္ဂလိက ဆရာအတတ်ပညာ ရက်တိုသင်တန်း အမှတ်စဉ်(၂)ဖွင့်လှစ်

**စစ်ကိုင်း နိုဝင်ဘာ ၂**

စစ်ကိုင်းပညာရေးတက္ကသိုလ်မှ ပုဂ္ဂလိက ဆရာအတတ်ပညာ ရက်တိုသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက မန္တလေးတက္ကသိုလ်ရှိ ဘက်စုံသုံးခန်းမတွင် ကျင်းပရာ စစ်ကိုင်းပညာရေးတက္ကသိုလ်ခေတ္တပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ မန္တလေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ တက်ရောက်ကြသည်။ အခမ်းအနားတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။



အဆိုပါသင်တန်းသို့ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်းများမှ အထက်တန်းအဆင့်သင် ဆရာ၊ ဆရာမများ၊ နိုင်ငံတကာ သင်ရိုးသင်ကျောင်းများမှ ဆရာ၊ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

(ဓာပုံ)

နေလင်းအောင်(ပြန်/ဆက်)

## ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစုံဧက နှစ်သောင်းခွဲကျော်အထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်၊ စားရေရိက္ခာဖူလုံစေရန်နှင့် ဒေသတွင်းရှိ တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ရည်ရွယ်၍ တစ်မြို့နယ်လုံး ဆောင်းဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ နေကြာ၊ ပန်းနှမ်း စိုက်ပျိုးခြင်းအပြင် ဖူးစားပြောင်း၊ ပဲမျိုးစုံသီးနှံ၊ စားဖိုဆောင်သီးနှံမျိုးစုံနှင့် အခြား အထွေထွေစားသုံးသီးနှံ အပါအဝင် စုစုပေါင်း သီးနှံစုံစိုက်ဧက ၁၂၇၉၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါ ဆောင်းသီးနှံစိုက်ပျိုးခြင်းကို ဒေသခံတောင်သူများ သီးနှံအလိုက် လျာထားချက်စိုက်ဧက ပြည့်မီစေရန်အတွက် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ သီးနှံစုံစိုက်ဧက ၂၅၁၇၇ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ တောင်သူများ ဆောင်းသီးနှံ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအလိုက် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများ ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲရေးနှင့် အလုံအလောက်ရရှိရေး ဆက်စပ်ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။**(အောက်ပုံ)**

တောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ရာသီအလိုက် သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။ (၄၄၅)



# တောပုရွာက ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်

ကျော်လှိုင်(နန်းရှေ့)

**(၂၇-၁၀-၂၀၂၅)ရက် စာမျက်နှာ (၁၄)မှအဆက်**

မယဉ်ယဉ်နုနဲ့ မမြကြွယ်ရဲ့ မတူကွဲပြားတဲ့အလှတွေကြောင့် ခေါင်းခဲရသူနှစ်ဦးကတော့ တောင်အရပ်က၊ အပျိုခေါင်း မကြင်စောနဲ့ မြောက်အရပ်ကအပျိုခေါင်း မလှခင်တို့ပါပဲ။

'ဟဲ့ လှခင်ရယ် ဒီကိုလာစမ်းပါဦးဟယ်'

'မမကြင် ဘာတုန်းတော် ဘာကိစ္စရှိလို့တုန်း'

'ညည်း ယဉ်ယဉ်နုနဲ့ မြကြွယ် ဘယ်သူကို ကွမ်းတောင်ပေးပြီး ဘယ်သူကို ပန်းတောင်ပေးမှာလဲ'

'ဟုတ်ပ့ါတော် ကျုပ်လဲ မမကြင်ကို အဲ့ဒီကိစ္စမေးမလို့ပဲ နှစ်ယောက်လုံးက တစ်မျိုးစီလှနေကြတော့ ဘယ်သူ့ကို ကွမ်းတောင် ပေးရမလဲလို့ စဉ်းစားနေတာ။ ကျုပ်တော့ မဆုံးဖြတ်တတ်အောင်ပါပဲ မမကြင်ရယ်'

မလှခင်က မကြင်စောထက် အသက်ငါးနှစ်လောက်ငယ်လို့ မကြင်စောကို ရိုသေသမှုနဲ့ မမကြင်လို့ ခေါ်ဆိုခြင်းဖြစ်ပါတယ်။

'အေး တို့ဘယ်လိုလုပ်ကြမလဲ ညည်းစဉ်းစားထားတာရှိရင် ပြောစမ်းပါအေ ငါတော့စိတ်ညစ်လာပြီ'

'ဟုတ်ပ မမကြင်ရယ် နှစ်ယောက်လုံးကလည်း ရပ်ထုံးစံ ရွာထုံးစံနဲ့က ပြည့်စုံနေတော့ ကျုပ်လည်းမသိတော့ပါဘူး'။ 'မြကြွယ်ကို ကွမ်းတောင်ပေးလိုက်ပြန်ရင်လည်း ပိုက်ဆံချမ်းသာလို့ လူကြီးတူမအရင်းမို့ ငါတို့တောင်ပိုင်းရပ်ကလူတွေက ပြောကြမှာ။ 'မမကြင် ယဉ်ယဉ်နုကို ပေးလိုက်ပြန်ရင်လည်း မြောက်အရပ်ကလူတွေဆဲမှာအသေချာပဲ ဒီတော့ ဒီလိုလုပ်ကြရအောင် တောင်အရပ်အလှူ ယဉ်ယဉ်နုကို ကွမ်းတောင်ပေးမယ် မြောက်အရပ်ကအလှူကြတော့ မြကြွယ်ကို ကွမ်းတောင်ပေးမယ် ဒီလိုပဲလုပ်ကြရအောင်လား မမကြင်'

'အေးဟယ် ဒီလိုပဲလုပ်ကြရုံပေါ့' မကြင်စောနဲ့ မလှခင်တို့ လက်ထဲက ကွမ်းတောင်ပန်းတောင်ကို မဏ္ဍပ်အတွင်းရှိနေကြတဲ့ အမျိုးသမီးတွေကလည်း စိတ်ဝင်တစား ဝိုင်းကြည့်နေကြပေါ့၊ မကြင်စောလက်ထဲက ကွမ်းတောင်က မယဉ်ယဉ်နုလက်ထဲကို ပေးအပ်လိုက်ပြီး မလှခင်လက်ထဲက ပန်းတောင်ကလည်း မမြကြွယ်လက်ထဲသို့ ရောက်ရှိသွားတယ်ပေါ့ဗျာ။ မြောက်အရပ်က အမျိုးသမီးများ သိပ်တော့မကျေနပ်ကြ၊ ကာယကံရှင်ဖြစ်တဲ့ မမြကြွယ်အနေနဲ့ကတော့ ဘာမှမဖြစ်သလို ပုံမှန်ပါပဲ။ အလှူလှည့်တဲ့အခါ တောင်အရပ်မှာတော့ ထွေထွေထူးထူး ပြောသူမရှိလှ။ မြောက်အရပ်ရောက်တဲ့အခါမှာတော့ မကြားတကြားလူအုပ်ထဲမှ မကျေနပ်သံတွေ တဖြည်းဖြည်း ညံလာပေါ့။

'ငါတို့မြောက်အရပ်က မြကြွယ်ကပိုလှပါတယ်အေ၊ ကွမ်းတောင်မပေးဘဲ ပန်းတောင်ဘာလို့ ပေးရတာတုန်း'

'အမယ်လေး မိညက်ရယ် အပျိုခေါင်းနှစ်ယောက်ကိုလည်း ညည်းတို့ကသေချာ ကြည့်မိရဲ့လား။ တစ်ယောက်က မျက်စိက ခပ်စွေစွေ နောက်တစ်ယောက်က မျက်လုံးကအရာပဲပါတာဆိုတော့ လှတဲ့သူကို သူတို့ဘယ်ကြည့်တတ်မှာလဲအေ'

'ဟုတ်ပ မဘုတ်ရယ် ဒါကြောင့် ဒင်းတို့ အပျိုကြီးတွေ ဖြစ်နေကြတာ'

နောက်တစ်ယောက်က ထပ်ပြီးမကြားတကြား 'သူတို့ကိုယ်၌ မလှတော့ လှတဲ့သူ ဘယ်ကြည့်တတ်မှာလည်းအေ' ဒီရပ်ဒီရည်နဲ့ကတော့ နောက်ဘုရားအဆူဆူပွင့်တောင် အပျိုကြီးဘဝကကျွတ်မယ့်ဟာတွေမဟုတ်ဘူး' တစ်ယောက်ကထပ်ပြီး ဩဘာစကား မြွက်ကြားလိုက်ပါတယ်။ ဒီလိုနဲ့ပဲ ဦးဖိုးအောင်၊ ဒေါ်မြသန်းတို့ အလှူရှင်လောင်းလှည့်ပွဲဟာ ဝေဖန်သံတွေနဲ့ပြီးခဲ့ပေါ့။ တောင်အရပ်က အလှူပြီးမြောက်ခဲ့ပြီးနောက် ရက်တစ်ပတ်အကြာမှာ မြောက်အရပ်အလှူ ဦးညွန့်ဝေ၊ ဒေါ်ပုတို့အလှူမှာ မမြကြွယ်ကို ကွမ်းတောင်ပေးပြီး တောင်အရပ်က မယဉ်ယဉ်နုကို ပန်းတောင်ပေးပြန်တော့ တောင်အရပ်က မကျေမနပ် ဖြစ်ကြပြန်ရောဗျ။

'အမယ်လေးဟယ် ကွမ်းတောင်ဆိုတာ တောင်အရပ်သူတွေအတွက်ပါအေ၊ မြောက်အရပ်သူတွေက ကိုင်ဖူးလို့လား ဘယ်လောက်များ တောင်အရပ်သူထက် လှနေလို့လည်းအေ' တစ်ယောက်က မကျေမနပ်ချက်ကို ပြောနေတော့ နောက်တစ်ယောက်ကထပ်ပြီး

'ဒီလိုဇီးကွက် ဘယ်သစ်ခေါင်းထဲနိူက်နိူက်ရပ့ါအေ' 'ပေးမှာပေ့ါ မြကြွယ်တို့က ချမ်းသာတာကိုး နောက်ပြီးတော့ ဥက္ကဋ္ဌရဲ့ တူမလည်းဖြစ်နေပြန်တော့ မျက်နှာလို မျက်နှာရပေါ့' ရှင်လောင်းလှည့် လာကြည့်နေတဲ့ လူအုပ်ထဲက ဒီလိုမကြားရောကြားအောင်ပါ ပြောနေကြတော့ တောင်အရပ်က အပျိုကြီး မကြင်စောရဲ့ သည်းခံနိုင်တဲ့ စွမ်းအားကုန်သွားလေပေါ့။ ဝတ်ထားတဲ့ ထဘီအပေါ်သို့ လက်နဲ့ပင့်ကာ 'ဟဲ့ …မတွေ လူအုပ်ထဲကနေ မကြားတကြား ပြောနေတဲ့ …. မတွေ သတ္တိရှိရင် လူကြားထဲကထွက်ပြီး ငါ့ရှေ့တည့်တည့် လာပြောလှည့် တကတဲ ကွမ်းတောင်ကိုင်က တောင်အရပ်ဖို့ အမြဲမှတ်ရအောင် ရွာကနင်တို့ကို …ရင်းပြောထားလို့လား ….မတွေရေ၊ အေး ညည်းတို့သိအောင် အခုကတည်းက ပြောလိုက်မယ်၊ တောင်အရပ်အလှူဆို တောင်အရပ်သူ ကွမ်းတောင်ပေးမယ်၊ မြောက်အရပ်အလှူဆို မြောက်အရပ်သူပေးမယ်၊ မကျေနပ်တဲ့ ကောင်မရှိရင် ထွက်ပြီးလာပြောလှည့်၊ နောက်ကနေ မကြားတကြား ပြောရဲပြောကြည့်၊ သိအောင်စုံစမ်းပြီး ပါးဆွဲရိုက်ပြစ်မယ်၊ ကြင်စောတဲ့ဟေ့ တစ်စောထဲရှိတယ်' တောင်အရပ်သူတွေက မကြင်စောအကြောင်း ကောင်းကောင်း သိကြတယ်လေ၊ ဒီတော့လည်း အားလုံး အသံတိတ်သွားပေါ့။

ဒီနေ့မြောက်အရပ်က အလှူလှည့်မှာတော့ တောင်အရပ်က ကွမ်းတောင်ကိုင် မယဉ်ယဉ်နု ပါမလာပါ။ နေမကောင်းလို့ ဆယ်နှစ်အရွယ် ညီမဖြစ်သူကို သူ့ကိုယ်စားထည့်လိုက်တယ်။ ကျန်တဲ့အမျိုးသမီးတွေကတော့ အကုန်လာကြပါတယ် အရင်အလှူတုန်းက အပျိုခေါင်းပြောလိုက်တဲ့ စကားကြောင့်ပါ။ တောင်အရပ်အလှူမှာ တောင်အရပ်သူ ကွမ်းတောင်ပေးမယ်။ မြောက်အရပ်အလှူဆိုရင် မြောက်အရပ်သူကိုပဲ ကွမ်းတောင်ပေးမယ်လို့ ပြောလိုက်သည်ကိုး။ ကွမ်းတောင်မကိုင်ရမှာသေချာနေလို့ အကြောင်းပြပြီး မလိုက်တာပါ။ နောက်တစ်ပတ်မှာလည်း မြောက်အရပ်ကပဲ ဆက်တိုက်ဖြစ်နေတော့ နောက်အလှူမှာလည်း လိုက်လိမ့်မည်မဟုတ်။ နောက်သီတင်းတစ်ပတ်မှာလည်း မြောက်အရပ်ကအလှူပါ။ မယဉ်ယဉ်နု တင်မကဘဲ တောင်အရပ်က ကုမ္မာရီအမျိုးသမီးများအစား ဆယ်နှစ်၊ ဆယ့်တစ်နှစ် ကလေးအရွယ်လေးများသာလာပါတော့တယ်။ ရပ်ထုံးရွာထုံးစံ မလိုက်မနေရမို့လို့ ဥပဒေလွတ်လာကြတာပါ။ မဟုတ်ရင် တစ်ယောက်မှ မလာလောက်ဘူး။ ဒီတစ်ခါကျတော့ တောင်အရပ်က အလှူပေါ့၊ မြောက်အရပ်ကလည်း သူတို့ တောင်အရပ်သူတွေ ကလေးတွေ လွှတ်သလို သူတို့ကလည်း ကလေးတွေပဲလာကြတယ်လေ၊ အပိုဆောင်းအနေနဲ့ အရွယ်မရောက်သေးတဲ့ ကလေးကာလသားပေါက်စလေးတွေ တောင်အရပ်အလှူကို ရောက်လာကြပေါ့ဗျာ၊ အမှန်ကတော့ အိုးရွဲ့ကို စလောင်းရွဲ့နဲ့ ဖုံးတဲ့သဘောပေါ့။

ကာလသားခေါင်း ကိုဘရင်မှလည်း လူပျိုကာလသားတွေ ထိန်းပေးရာကနေ ကလေးထိန်းရတဲ့သူဖြစ်သွားပေါ့။ မကြင်စောနဲ့ မလှခင်တို့လည်း အပျိုထိန်းရာကနေ သူတို့နှစ်ယောက် ကလေးထိန်းတွေဖြစ်လို့။ အလှူရှင်လောင်းလှည့်ရာမှာလည်း ရပ်ပျက်ဆင်းပျက်ရွာနီး ချုပ်စပ်က အတုယူခဲ့ရတဲ့ တောပုရွာကအလှူ အခုတော့ဖြစ်ချင်တိုင်းကိုဖြစ်လို့။ အလှူရှင်တွေလည်းဖြစ်ပျက်နေတာတွေကြည့်ပြီး စိတ်မချမ်းသာကြတော့ဘူးလေ။ ရွာကလူကြီးများ၊ ကာလသားခေါင်း၊ အပျိုခေါင်းနဲ့ ဆယ်အိမ်ခေါင်းအပါအဝင် ညှိနှိုင်းတိုင်ပင် အစည်းအဝေးပြုလုပ်ကာ ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်ရပါတယ်။

(၁) တောပုကျေးရွာရှိ ကာလသားများနှင့် ကုမ္မာရီအမျိုးသမီးများ သိစေရန် ကြေညာချက် တောပုရွာအလှူအတန်းပြုလုပ်နေချိန်မှာ မပျက်မကွက် ဝိုင်းဝန်းကူညီလုပ်ဆောင်ရမည်မှာ ရွာသူ၊ ရွာသားများရဲ့ တာဝန်နဲ့ဝတ္တရားဖြစ်ပါတယ်။ သက်ဆိုင်ရာ ဆယ်အိမ်ခေါင်းနှင့် လူပျိုခေါင်း၊ အပျိုခေါင်း တာဝန်ပေးမှုကို ငြင်းဆန်ခြင်း၊ မလိုက်နာခဲ့သည်ရှိသော်၊ အောက်ပါပြစ်မှု ပြစ်ဒဏ်များချမှတ်လိုက်သည်။

(၂) အမျိုးသားဖြစ်က ရွာရှေ့ရှိသောက်ရေကန်အတွင်း အကျယ် ဆယ်ပေပတ်လည်း ဇောက်အနက် တစ်ပေတူးရမည်။ ထိုကျင်းမှ ထွက်တဲ့မြေများကို ပျက်ကွက်သူ အမျိုးသမီးမှ သယ်ရွက်၍ ကန်ပေါင်ပေါ် အရောက်သယ်ပို့ရမည်။

(၃) ငွေကြေးဖြင့်ဒဏ်ငွေရမ်းခြင်းခွင့်မပြု၊ ပျက်ကွက်သူကိုယ်တိုင် ပြုလုပ်ရမည်။ ကူညီလုပ်ကိုင်မပေးရ၊ ပေးခဲ့သည်ရှိသော် ထပ်တူ အပြစ်မျိုး ပေးမည်ဖြစ်ပါသည်။

(၄) ကွမ်းတောင်၊ ပန်းတောင်ကိုင်လည်း ရွာရှိကုမ္မာရီအမျိုးသမီးများ အလှည့်ကျကိုင်ရမည်။ မိဘပြည့်စုံပြီး အပျိုဆိုရင် ကိုင်ခွင့်ရမည်။ ရုပ်လှခြင်း၊ မလှခြင်းနှင့် မသက်ဆိုင်ပါကြောင်း။ ဦးထွန်းဝေ၊ ဒေါ်ရွှေတို့ရဲ့ အလှူဖြစ်တဲ့ ပြာသိုလဆန်း ၃ ရက်မှစ၍ အကျုံးဝင်ဖြစ်သည်။

ကြေညာချက်ထုတ်လိုက်တဲ့အတွက် ဘယ်သူမှမနေသာတော့ပဲ ယခင်အလှူတွေလို ပြန်စည်ကားပေမယ့် ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တွေကြည့်တဲ့ လူတွေမရှိတော့ပါ။ ဟုတ်တယ်လေ ကွမ်းတောင်၊ ပန်းတောင်ကိုင်တွေက အရင်ကလို လှတဲ့သူတွေမဟုတ်တော့ မကြည့်ကြတော့ဘူးပေါ့ အလှည့်ကျဆိုတော့ အသားမည်းလည်းကိုင်၊ အရပ်ပုလည်းကိုင်၊ ဂုတ်တိုလည်းကိုင်၊ မျက်ခမ်းစပ်လည်းကိုင်၊ တစ်ချိန်က ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်အလှ နာမည်ကြီးလို့ တစ်ရွာကလူတွေပါ ဝိုင်းကြည့်ပြီး ချီးကျူးခဲ့ရတဲ့ တောပုရွာရဲ့ ဂုဏ်သတင်းမှေးမှိန်ခဲ့ရပြီလေ။ အသက်ရှစ်ဆယ်ကျော် ဒေါ်ဖွားမေကတော့ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တွေကြည့်ပြီး 'ငါတို့ ဘိုးအေဘွားအေတွေ လက်ထက်ကတည်းက စံထားပြီး ချမှတ်ခဲ့တဲ့ ဓလေ့ထုံးစံတွေ ပျက်စီးသွားပေါ့ အဲ့ဒီအတွက် ငါဝမ်းနည်းလို့ မဆုံးဘူး'။ ဟုတ်ပါတယ် ဒေါ်ဖွားမေ ပြောသလို တောပုရွာရဲ့ စံထားခဲ့တဲ့ တန်ဖိုးကတော့ ပျက်စီးပြီး ပျောက်ကွယ်ခဲ့ရတာတော့ အမှန်။ ရွာလူထုမညီညွတ်မှုကြောင့်လား။ ရွာလူကြီးတို့ စီမံခန့်ခွဲမှု မဟုတ်ခဲ့လို့လား၊ ဘာပဲပြောပြော အလှူတစ်ခုရဲ့ ကျက်သရေ၊ တောရွာတစ်ရွာရဲ့ စံတန်ဖိုးကတော့ ပျောက်ကွယ်ခဲ့ရပြီပေါ့ဗျာ။

## ရဲမွန်တောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ဒုတိယအကြိမ် စုပေါင်းကထိန်အလှူပွဲ ကျင်းပ



**မန္တလေး နိုဝင်ဘာ ၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ ဒုတိယအကြိမ် စုပေါင်းကထိန်အလှူပွဲကို မဟာမြိုင်(၂)ရပ်ကွက်၊ ၄၃လမ်းနှင့် ၆၁လမ်းထောင့် ချမ်းသာရဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ကျင်းပသည်။

ဦးစွာ ချမ်းသာရဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ရှိ ပုရိမဝါမှ ထမြောက်တော်မူကြသော သံဃာတော်အရှင်သူမြတ်တို့အား ရဲမွန်တောင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ကထိန်ရေစက်ချတရားကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ တေဇနိယထံမှ နာယူပြီးနောက် ဧည့်သည်တော်များကို နေ့လယ်စာဖြင့် တည်ခင်းကျွေးမွေးခဲ့သည်။

ဒုတိယအကြိမ် စုပေါင်းကထိန်အလှူတွင် ပဒေသာပင်အလှူငွေကျပ် ၁၃,၅၀၀,၀၀၀၊ လှူဖွယ်ပစ္စည်းတန်ဖိုး ၄,၀၀၀,၀၀၀၊ ဧည့်ခံကျွေးမွေးခြင်း ၆,၇၅၀,၀၀၀၊ စုစုပေါင်းလှူဒါန်းမှုမှာ ၂၄,၂၅၀, ၀၀၀ ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

**(မန္တလေးနေ့စဉ်-၆)**

# စာအုပ်ခင်ကဏ္ဍ

## ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - ဟင်နရီဖို့ဒ် |
| စာရေးသူ | - ထက်မြက် |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၅၀၀၀ ကျပ် |
| စာမျက်နှာ | - ၉၀ မျက်နှာ |
| ထုတ်ဝေသည့်ကာလ | - ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ |



စာအုပ်တွင် အခန်း(၉)ခန်း ပါရှိပြီး စက်ယန္တရားစိတ်ဓာတ်၊ ပထမဦးဆုံး အောင်မြင်မှု၊ ကားလုပ်ငန်း၊ တိုက်ပွဲနှင့် အောင်ပွဲ၊ တော်လှန်ရေးနှစ်ရပ်၊ အတက်နှင့် အကျ စက်မှုအင်ပါယာကြီး ကို တည်ဆောက်ခြင်း၊ အပြောင်းအလဲ၊ ခေတ်သစ်၊ အချိန်ဇယား ခေါင်းစဉ်တို့ဖြင့် ရေးဖွဲ့ထားသည်။

မူရင်း စာရေးဆရာ MICHAEL BURGAN ၏ HENRY FORD INDUSTRIALIST စာအုပ်ကို မြန်မာပြန်ဆိုထုတ်ဝေထားသောစာအုပ်ဖြစ်သည်။ စက်ယန္တရားများ တီထွင်ထုတ်လုပ်ခြင်းနှင့် ဖို့ဒ်မော်တော်ကားထုတ်လုပ်သူ ကမ္ဘာကျော်သူဌေးကြီး ဟင်နရီဖို့ဒ်၏အကြောင်းကို စိတ်ဝင်စားဖွယ် ဖတ်ရှုရမည်ဖြစ်သည်။

တစ်နည်းအားဖြင့် ဤစာအုပ်သည် မော်တော်ကား တီထွင်ထုတ်လုပ်သူ 'ဟင်နရီဖို့ဒ်'၏ အတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည့်အပြင် ဘဝအောင်မြင်မှု၊ ကြီးပွားချမ်းသာမှုလိုလားသူတို့ အတုယူလေ့လာရမည့် စာအုပ်ကောင်းဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို (မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

| | |
|---|---|
| စာအုပ်အမည် | - မြေပဒေသာ |
| စာရေးသူ | - ဒဂုန်ခင်ခင်လေး |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၁၅၀၀၀ ကျပ် |
| စာမျက်နှာ | - ၃၄၉ မျက်နှာ |
| မျက်နှာဖုံး ဒီဇိုင်းပန်းချီ | - စဒဲလား |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (စတုတ္ထအကြိမ်) |



၁၉၆၅ ခုနှစ် ဖွဲ့စာပေရိပ်မြုံ၏ ဒုတိယအကြိမ် မူအတိုင်း ပြန်လည်ထွက်ရှိလာခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် စိတ်ကူးချိုချိုမှ တတိယအကြိမ် ထွက်ရှိခဲ့ပြီး ယခု စတုတ္ထအကြိမ်အဖြစ် ပြန်လည်ရိုက်နှိပ် ထုတ်ဝေခြင်းလည်း ဖြစ်သည်။

အမေရိကန်စာရေးဆရာမကြီး ပါးလ်အက်စ်ဘတ် (Pearl S Buck) ၏ The Good Earth ဝတ္ထုကို မြန်မာပြန်ဆိုထားခြင်း ဖြစ်သည်။ ၁၉၃၁ ခုနှစ်တွင် အမေရိကန်ပြည်၏ အကောင်းဆုံးဝတ္ထု 'ပူလစ်ဇာ'ဆုချီးမြှင့်ခံရပြီး ၁၉၃၈ ခုနှစ်တွင် ကမ္ဘာ့စံပြစာပေအတွက် 'နိုဘယ်လ်'ဆုချီးမြှင့်ခြင်းခံရသည်။

ထိုဝတ္ထု၏ အဓိကအချက်မှာ မြေကြီးနှင့်ရင်းနှီးလျှင် လောက၌ မဆင်းရဲနိုင်၊ မြေကြီးသာလျှင် ရတနာရွှေအိုး၊ မြေကြီးသာလျှင် အသက်သွေးခဲ၊ မြေကြီးသာလျှင် အမိ၊ အဘ ကိုးကွယ်အားထားရာဟု သဘောထားသောကြောင့် မြေကြီးကို မှီခို၍ လယ်လုပ်သူများအတွက် မြေကြီးကို တန်ဖိုးထားရမည့် ဝတ္ထုရှည်ကြီးဖြစ်ရာ စာအုပ်ကောင်း ဖတ်လိုသူများအတွက် မန္တလေးစာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို (မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေး ဖတ်ရှုနိုင်သည်။

ဖတ်စရာ၊ မှတ်စရာ စုံလင်

## ဂေါဝိန် ဆည်းဆာ

* မင်းဝံတောင်စွယ်
နေရောင်ကွယ်ချိန်
ရောတေးဖွဲ့
ညင်းသဲ့သဲ့ ။

* ရေလယ်ဇလာ
ကျွန်းပြာပြာ
တိမ်မိလ္လာဖွဲ့
မီးလဲ့လဲ့ ။

* ငှက်အုပ်ဝဲဖြာ
ညင်သာသာ
အိပ်တန်းပြန်လှည့်
လေးတွဲ့တွဲ့ ။

* မြစ်ပြင်ရော
ကိုတံငါ
လှုပ်လီလှုပ်လဲ့
ခပ်ယဲ့ယဲ့ ။

* မြစ်ဆိပ်ကမ်းသာ
နားခိုရာ
လေ့ကြီးငယ်နဲ့
ကြိုးနွဲ့နွဲ့
လှိုင်းပုတ်လေနဲ့
အိပဲ့ပဲ့ ။ ။

ဦးခေ

## စာပတ်ရှိန်မြှင့်တင်ရေး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် ဉာဏ်ရည် ဉာဏ်သွေးမြင့်မားစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အထွေထွေဗဟုသုတ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။



အဆိုပါ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၆ ဦးက သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ စာအုပ်ပါ အထွေထွေဗဟုသုတ မေးခွန်းများကို ဝင်ရောက်ဖြေဆိုကြပြီး ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
နောင်နောင်(မိဿနီးမြေ)

## စာပတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**လှိုင်လင် နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လှိုင်လင်မြို့ အမှတ်(၅) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ယမန်နေ့ မွန်းလွဲ ၂ နာရီက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းအေးအေးသိန်းက စာပေအမျိုးအစားများ၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ ကထိန်ကာလဖြစ်သည့်အတွက် ကထိန်ခင်းခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့သည်။



ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် စာဖတ်စွမ်းရည်တိုးတက်စေရန်၊ အများရှေ့တွင် ပြောရဲ၊ ဆိုရဲသည့် သတ္တိရှိလာစေရန် အတွက် စာဖတ်စွမ်းရည်ပြိုင်ပွဲ ဆောင်ရွက်ပေးခဲ့ကာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
မြို့နယ်(ပြန်/ဆက်)



# ငြိမ်းချမ်းရေးကို အခြေခံသည့် နျူကလီးယားအစီအမံကို ပံ့ပိုးကူညီဆောင်ရွက်မည်ဟု သမ္မတမာဆော့ပါဇက်ကီရန်ပြောကြား

**တီဟီရန် နိုဝင်ဘာ ၂**

အီရန်နိုင်ငံက ဆောင်ရွက်မည့် ငြိမ်းချမ်းရေးကို အခြေခံသည့် နျူကလီးယားအစီအမံကို ပံ့ပိုးကူညီဆောင်ရွက်မည်ဖြစ်ကြောင်း အီရန်သမ္မတ မာဆော့ပါဇက်ကီရန်က နိုဝင်ဘာ ၂ရက်တွင် ပြောကြားသည်။

နိုင်ငံအတွင်း ဆောင်ရွက်မည့် နျူကလီးယားအစီအမံသည် နိုင်ငံသားများ၏ လိုအပ်ချက်များနှင့်လူနေမှုဘဝများကို မြှင့်တင်မည့် အစီအမံဖြစ်ကြောင်းနှင့် နျူကလီးယားလက်နက်မြှင့်တင်မည့် အစီအမံမဟုတ်ကြောင်း အီရန် သမ္မတကပြောကြားသည်။ အီရန်၏ နျူကလီးယားအစီအမံသည် နျူကလီးယားလက်နက်ထုတ်လုပ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အနောက်နိုင်ငံများ၏ ဝါဒဖြန့်မှုများရှိသည်ဟု ၎င်းက ပြောသည်။ အီရန်အစိုးရအနေဖြင့် နိုင်ငံအတွင်း နျူကလီးယားဆိုင်ရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်မည် ဖြစ်ပြီး ဆေးဝါးထုတ်လုပ်ရေးနှင့်ပတ်သက်သည့် နျူကလီးယားနည်းပညာများ ဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။ အနောက်နိုင်ငံများသည် အချုပ်အခြာအာဏာပိုင်သည့်အီရန်အပါအဝင် ကမ္ဘာ့နိုင်ငံများအား ခေတ်မီနည်းပညာများ ရရှိသုံးစွဲခြင်းမှ ဟန့်တားရေး ဆောင်ရွက်နေကြောင်း အီရန်သမ္မတက ပြောသည်။ အီရန်အား နျူကလီးယားလက်နက်ထုတ်လုပ်ကြောင်း အနောက်နိုင်ငံများက စွပ်စွဲနေပြီး အီရန်ကလည်း ၎င်း၏ နျူကလီးယားအစီအမံသည် ငြိမ်းချမ်းရေးကို အခြေခံဆောင်ရွက်ကြောင်း တုံ့ပြန်ပြောသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ



# တရုတ်ဝန်ကြီးချုပ် လီချန် ဩစတြေးလျသို့ လာရောက်မည့်အစီအစဉ် ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ် အတည်ပြုပြောကြား

**ပေကျင်း နိုဝင်ဘာ ၂**

ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီအယ်လ်ဘာနီးစ်က တရုတ်ဝန်ကြီးချုပ် လီချန်သည် လာမည့်နှစ်တွင် ဩစတြေးလျသို့ လာရောက်မည်ဖြစ်ပြီး ဩစတြေးလျအလယ်ပိုင်းရှိ ဧရာမ ယူလူရူးကျောက်တုံးကြီးသို့ သွားရောက်ခြင်းလည်း ပါဝင်နိုင်သည်ဟု နိုဝင်ဘာ ၂ ရက်တွင် အတည်ပြုပြောကြားကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

"ဝန်ကြီးချုပ် လီချန်ဟာ လာမယ့်နှစ်မှာ ဩစတြေးလျကို လာရောက်ပါလိမ့်မယ်၊ ကျွန်တော်တို့ ဆွေးနွေးထားပြီးပါတယ်"ဟု အယ်လ်ဘာနီးစ်က ရှင်းလင်းပြောကြားသည်။



"အဲဒီထဲမှာ ယူလူရူးကို သွားရောက်ဖို့အတွက် ဆွေးနွေးခဲ့တာလည်း ပါဝင်ပါတယ်။ သူက စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်။ ကျွန်တော်ကလည်း အဲဒီလို သွားရောက်ဖို့ တိုက်တွန်းပါတယ်၊ ဘာပဲဖြစ်ဖြစ် လူသန်းတစ်ထောင်ကျော်ကို ဩစတြေးလျအလယ်ပိုင်းကို ပြသဖို့အတွက် အလွန်ကောင်းမွန်တဲ့ ကိစ္စတစ်ခုဖြစ်မယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု အယ်လ်ဘာနီးစ်က ထပ်လောင်းပြောကြားသည်။

ယူနက်စကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ထားသည့် အနီရင့်ရောင် လိမ္မော်ရောင်ရှိသော အရောင်များကြောင့် ကျော်ကြားသည့် အမြင့် ၃၄၈ မီတာရှိသော ယူလူရူးကျောက်တုံးသည် မြောက်ပိုင်းနယ်မြေရှိ အဲလစ်စမ်းပေါက်များအနီး ဝေးလံခေါင်ဖျားသော သဲကန္တာရနေရာတွင် တည်ရှိသော်လည်း ထိပ်တန်းခရီးသွား ဆွဲဆောင်မှုတစ်ခု ဖြစ်သည်။ အဆိုပါ ထင်ရှားသည့်နေရာသည် ဒေသခံ အာနန်ဂူလူမျိုးများအတွက် သန့်ရှင်းသောနေရာတစ်ခုလည်းဖြစ်သည်။

တရုတ်နိုင်ငံ၏ နံပါတ် ၂ ရာထူးကို ရယူထားသည့် လီချန်သည် အမေရိကန်၏ မဟာမိတ်နိုင်ငံနှင့် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံအကြား ဆက်ဆံရေးတည်ငြိမ်လာမှုကို ပြသသည့် ခရီးစဉ်အဖြစ် နောက်ဆုံးအကြိမ် ၂၀၂၄ ခုနှစ်တွင် ဩစတြေးလျသို့ လာရောက်ခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## ရှင်ကျိုး ၂၁ အာကာသခရီးစဉ်မှ တရုတ်အာကာသယာဉ်မှူး သုံးဦး တီယန်ကောင်း အာကာသစခန်းသို့ ဘေးကင်းလုံခြုံစွာ ရောက်ရှိ

**ပေကျင်း နိုဝင်ဘာ ၂**

ရှင်ကျိုး ၂၁ အာကာသခရီးစဉ်မှ တရုတ်အာကာသယာဉ်မှူးသုံးဦးသည် ၎င်းတို့၏ ခြောက်လကြာပတ်လမ်းခရီးကို စတင်ပြီးနောက် နာရီအနည်းငယ်အကြာ ယမန်နေ့ နံနက်စောစောပိုင်းတွင် တီယန်ကောင်းအာကာသစခန်းသို့ ဘေးကင်းလုံခြုံစွာရောက်ရှိသွားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အစီအစဉ်ခေါင်းဆောင် ဗိုလ်မှူးကြီး ဇန်လု၊ အာကာသပျံသန်းရေး အင်ဂျင်နီယာဗိုလ်မှူး ဝူဖေးနှင့် ကုန်တင်ပစ္စည်းအထူးကျွမ်းကျင်သူ ဇန်ဟုန်ကျန်းတို့သည် ၎င်းတို့၏ အာကာသယာဉ်ကို သယ်ဆောင်သည့် အထပ် ၂၀ အမြင့်ရှိ လောင်းမာ့ချ် ၂ အက်ဖ်ဒုံးပျံက တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ဂိုဘီသဲကန္တာရမှ ဂျူချွမ်ဂြိုဟ်တုပစ်လွှတ်ရေးစင်တာမှနေ၍ အောက်တိုဘာ ၃၁ ရက် ည ၁၁ နာရီ ၄၄ မိနစ်၌ မြေပြင်မှ ထွက်ခွာခဲ့ကြသည်။

